Assistance Association for Political Prisoners (Burma)
နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)

AAPP

**P.O Box 93, Mae Sot, Tak Province 63110, Thailand**
**e.mail: info@aappb.org website: www.aappb.org**

---

သတင်း ထုတ်ပြန်ခြင်း
အောက်တိုဘာလ ၂၀ ရက်၊ ၂၀၁၀။

# စကားဖြင့် အရေးဆိုနေခြင်းများ မလုံလောက်တော့ပါ - နိုင်ငံတကာ အစိုးရများ အနေဖြင့် ချက်ခြင်း လက်ငင်း လုပ်ဆောင်ရမည် ဖြစ်ပြီး၊ မြန်မာနိုင်ငံ အတွက် အထူးစုံစမ်း စစ်ဆေးရေး ကော်မရှင်ဖွဲ့ရန် ထောက်ခံပေး ကြပါ။

[မဲဆောက်မြို့၊ ထိုင်းနိုင်ငံ] - နိုင်ငံရေး အကျဉ်းသားများ ကူညီစောင့်ရှောက်ရေး အသင်း (မြန်မာနိုင်ငံ) သည် ကမ္ဘာ့ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အထူးစုံစမ်းစစ်ဆေးရေးအရာရှိ မစ္စတာ တောမတ်စ် အိုဂျေးလ် ကင်တားနား၏ အစီရင်ခံစာကို နွေးထွေးလှိုက်လှဲစွာ ကြိုဆိုလိုက်ပြီး နိုင်ငံတကာ အဖွဲ့အစည်းများသို့လည်း သူ၏ အကြံပြုချက်များ အမှန်တကယ်ဖြစ်ပေါ်လာစေရန် ချက်ချင်းလက်ငင်း ပိုင်းဝန်းလုပ်ဆောင်ရမည်ဖြစ်ကြောင်း တိုက်တွန်းလိုက်သည်။ ယင်း အစီရင်ခံစာတွင် နိုင်ငံရေး အကျဉ်းသားများကို ချွင်းချက်မရှိ ပြန်လွှတ်ပေးရန် အတွက်လည်ကောင်း၊ ရွေးကောက်ပွဲ အကြိုကာလတွင် မြန်မာပြည်သူလူထုအပေါ် တိုးမြင့်လာသော ဖိနှိပ်ချုပ်ချယ်မှု များကိုလည်းကောင်း၊ တရားမျှတမှုနှင့်ပွင့်လင်းမြင်သာမှုရှိလာစေရန်အတွက် အထူးစုံစမ်းစစ်ဆေးရေး ကော်မရှင်မှ တဆင့် ဆောင်ရွက်ရန်လည်းကောင်း တောင်းဆိုထားသည်ကို ဖော်ပြထားသည်။

မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အထူးစုံစမ်းစစ်ဆေးရေးအရာရှိ၏ အောက်တိုဘာလ ၁၈ ရက်၊ ၂၀၁၀ ရက်စွဲဖြင့် ထုတ်ပြန်သော အစီရင်ခံစာတွင် စစ်အစိုးရ၏ ရွေးကောက်ပွဲဆိုင်ရာမူဝါဒအသစ်များနှင့် အကောင်ထည်ဖော် ဆောင်ရွက်ရန်တို့သည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ လွတ်လပ်စွာစုရုံးခွင့်နှင့် လွတ်လပ်စွာဖွဲ့စည်းခွင့် အစ ရှိသော အခြေခံလွတ်လပ်ခွင့်များကို တားမြစ်ထားသည်ဟု ဖော်ပြထားသည်။ နိုင်ငံရေးအကျဉ်းသားများ ကူညီ စောင့်ရှောက်ရေးအသင်း(မြန်မာနိုင်ငံ)၏ မှတ်တမ်းအရ ရွေးကောက်ပွဲကို ဆန့်ကျင်လှုံ့ဆော်သဖြင့် စက်တင်ဘာလ တွင် ကျောင်းသား ၁၁ ဦး ဖမ်းဆီးခံခဲ့ရသည့် အချက်အလက်သည် ကုလသမဂ္ဂ အထူးစုံစမ်းစစ်ဆေးရေး အရာရှိ၏ အစီအရင်ခံစာကို အထောက်အကူဖြစ်စေသည်။

မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ အထူးစုံစမ်းစစ်ဆေးရေးအရာရှိ၏ ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသော အကျဉ်းသားအားလုံး လွှတ်ပေးရန် စစ်အစိုးရအား ထပ်ခါတလဲလဲ တောင်းဆိုနေမှုကို ကျွန်ုပ်တို့ နိုင်ငံရေး အကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)မှ အသိအမှတ်ပြုပါသည်။ သူ၏ စဉ်ဆက်မပြတ် တောင်းဆိုမှုသည် ယခုအချိန်အထိဖြစ်မလာသေးပဲ ပြည်သူများရပိုင်ခွင့် အခွင့်အရေးများနှင့် နိုင်ငံရေးအရ အခြေခံရ ပိုင်ခွင့်များကို သာမန်ကျင့်သုံးယုံမျှဖြင့် ထောင်သွင်းအကျဉ်းကျခံထားရသော နိုင်ငံရေးအကျဉ်းသား အနိမ်ဆုံး ၂၁၉၃ ဦးသည် ယခုအချိန်ထိ ထောင်သွင်း အကျဉ်းချထားခြင်းခံနေရဆဲဖြစ်နေသည်မှာ ဝမ်းနည်းစရာကောင်းလှသည်။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ (န အ ဖ) မှလည်း နိုင်ငံရေးအကျဉ်းသားများ ရှိနေမှုကို ထပ်ခါတလဲလဲ ငြင်းဆန်နေပြီး၊ မြန်မာနိုင်ငံ အတွင်းရှိ အချုပ်ခန်းများနှင့် အကျဉ်းထောင်များတွင် ညှင်းပမ်း နှိပ်စက်မှုများ ရှိနေသည်ဆိုသော ပြောဆိုမှုများကို ပြန်လည်ချေပ ငြင်းဆန်ထားသည်။

မစ္စတာ ကင်တားနားမှ *"လက်ရှိ ထောင်ဒဏ် ၆၅ နှစ်ကျခံနေရသော ၈၈ မျိုးဆက် ကျောင်းသားခေါင်းဆောင် များကဲ့သို့သော လူတစ်ချို့သည် မြန်မာနိုင်ငံတွင် ဒီမိုကရေစီ အပြောင်းအလဲ ပြုလုပ်ရန် တောင်းဆိုမှု အတွက် ဆယ်စုနှစ် ၂ ခုစာနီးပါးခန့် အကျဉ်းထောင်များအတွင်း ကုန်ဆုံး အကျဉ်းကျခံနေရကြောင်း ၊ မိမိအကျဉ်းထောင်များ အတွင်းသို့ သွားရောက်စဉ် ကျောင်းသား ခေါင်းဆောင်များ၊ ဘုန်းကြီးများ၊ ပါတီခေါင်းဆောင်များနှင့် လူမျိုးစု ခေါင်းဆောင်များမှ အမျိုးသား၊ အမျိုးသမီးများကို တွေ့ဆုံခဲ့ရကြောင်း၊ ထိုလူများသည် ယခုသမိုင်းဝင် ရွေးကောက်ပွဲများတွင် တရားဝင် အခန်းကဏ္ဍမှ ပါဝင်ရမည့်သူများဖြစ်ပြီး အများပြည်သူယုံကြည်စိတ်ချရသော ရွေးကောက်ပွဲများ ဖြစ်ရန်အတွက်မှု ထိုနိုင်ငံရေး အကျဉ်းသားများ အားလုံးကို ချွင်းချက်မရှိ ချက်ချင်းလွှတ်ပေးရန်မှာ အထူးလိုအပ်သည်ဟု"* ဟုပြောကြားခဲ့သည်။

ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံကြီးသို့တင်သွင်းထားသော မစ္စတာကင်တားနား၏အစီရင်ခံစာတွင် မြန်မာနိုင်ငံမှ ပြည်သူလူထုအတွက် နိုင်ငံတကာအသိုင်းအဝိုင်းမှလည်း အထူးတလည် ဝိုင်းဝန်းလုပ်ဆောင်ရမည် ဖြစ်ကြောင်း ဖော်ပြထားသည်။ "*တရားမျှတမှုနှင့်ပွင့်လင်းမြင်သာမှု ရှိလာစေရန်အတွက် အထူးအားထုတ်လုပ်ဆောင်ရန် လိုအပ်ကြောင်း၊ ထိုအဆင့်များကို တာဝန်ယူဆောင်ရွက်ရန် အတွက်လည်း နိုင်ငံတကာ အသိုင်းအဝိုင်းအနေဖြင့် မြန်မာနိုင်ငံသူ/သားများအား ထောက်ပံ့ကူညီဖို့ အသင့်ရှိနေရမည် ဖြစ်ကြောင်းကိုလည်း ပြောကြားထားသည်*"။

ယခုအစီရင်ခံစာသည် မတ်လ ၂၀၁၀ တွင် လူ့အခွင့်အရေးကောင်စီသို့ တင်သွင်းသော "အခြေခံအုတ်မြစ်များအား ချိုးဖြတ်ခြင်း" (Ground Breaking) အစီရင်ခံစာထက်ပို၍ ပြည့်စုံစွာတင်ပြထားသည်။

*အကယ်၍ သက်ဆိုင်ရာအစိုးရသည် ထိုတာဝန်များကို လုပ်ဆောင်ရန် ပျက်ကွက်ခဲ့ပါက၊ ထိုတာဝန်ဝတ္တရားများသည် နိုင်ငံတကာအဖွဲ့အစည်းများ၏ လက်ဝယ်သို့ ကျရောက်လာမည်ဖြစ်သည်။ ၂၀၀၈ ခုနစ်ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အပိုဒ် ၄၄၅ သည် အနာဂတ်၌ အစိုးရအနေဖြင့် တရားမျှတမှု နှင့် ပွင့်လင်းမြင်သာမှုကို ဖွင့်ဟမှုပြုလုပ်ခြင်းအား တားမြစ်ထားသည့်အချက်ဖြစ်သည်ကို အထူးသတိထားရပေမည်။ ဖွဲ့စည်းပုံအခြေခံဥပဒေထဲတွင် အစိုးရအား ပြစ်ဒဏ်များမှကင်းလွတ်ခွင့်ကို ထည့်သွင်းဖော်ပြထားသောကြောင့် လူ့အခွင့်အရေးညီလာခံမှ ချမှတ်ထားသော ဆုံးဖြတ်ချက်များအတိုင်း လူသားမျိုးနွယ်စုအပေါ် ကျူးလွန်သော ရာဇဝတ်မှုများအား စုံစမ်းစစ်ဆေးရန်အတွက် စုံးစမ်းစစ်ဆေးရေးကော်ရှင်ဖွဲ့စည်းနိုင်သည်၊ သို့မဟုတ် ကုလသမဂ္ဂအထွေထွေညီလာခံမှလည်ကောင်း၊ ကုလသမဂ္ဂ လုံခြုံရေးကောင်စီမှလည်ကောင်း၊ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်မှလည်ကောင်း ကိုယ်တိုင်အစပြု၍ စုံစမ်းစစ်ဆေးရေးကော်မရှင် ဖွဲ့စည်းနိုင်သည်ဟု ဖော်ပြထားသည်။*

တရားမျှတမှုနှင့်ပွင့်လင်းမြင်သာရှိမှုသည် ကမ္ဘာ့ကုလသမဂ္ဂယန္တရားကြီး၏ အခြေခံအုတ်မြစ်များဖြစ်ပြီး လူ့အခွင့်အရေးကြေငြာစာတမ်းတွင် ဖော်ပြထားသော ရပိုင်ခွင့်အခွင့်အရေးများနှင့် လွတ်လပ်မှုများသည် နိုင်ငံတကာလုံးဆိုင်ရာအဖြစ် အပြည့်အဝနားလည်သဘောပေါက်နိုင်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ အထူးစုံစမ်းစစ်ဆေးရေးအရာရှိမှ ထပ်မံ၍ပြောဆိုထားသည်။ မြန်မာနိုင်ငံအရေးကိစ္စနှင့် ပက်သတ်ပြီး အရေးယူဆောင်ရွက်ရန်ပျက်ကွက်ခြင်းသည် နိုင်ငံတကာရာဇဝတ်မှုကျူးလွန်သူ တရားခံများကို အားပေးရာရောက်သလို လိုအပ်သည်ထပ်ရှည်ကြာနေသော တရားရေးစီရင်မှုများကို ထပ်မံရွှေဆိုင်းထားသလိုဖြစ်နေပါလိမ့်မည်။

ကမ္ဘာ့ကုလသမဂ္ဂ အထူးစုံစမ်းစစ်ဆေးရေးအရာရှိမှ အကြံပြုတင်ပြထားသလို မြန်မာနိုင်ငံအတွင်း လူသားမျိုးနွယ်ကို ဆန့်ကျင်သည့် ရာဇဝတ်မှုများအတွက် စုံစမ်းရေးကော်မရှင်ဖွဲ့စည်းခြင်းကို ထောက်ခံရန် အရှေ့တောင်အာရှ (အာဆီယံ) နိုင်ငံများ၊ ဥရောပ နိုင်ငံများနှင့် အခြားနိုင်ငံများအား မြန်မာပြည်သူလူထုနှင့် အတူတကွရပ်တည်ပေးရန် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက့်ရေးအသင်း (မြန်မာနိုင်ငံ) မှ တိုက်တွန်းလိုက်သည်။
"နိုင်ငံတကာအသိုင်းအဝိုင်းသည် မြန်မာနိုင်ငံအတွင်း၌ စနစ်တကျလူ့အခွင့်အရေးချိုးဖေါက်ကျူးလွန်မှုများကို ကာလကြာရှည်စွာသိမြင်ခဲ့ပြီးဖြစ်၍ ယခုအချိန်သည် စုံစမ်းစစ်ဆေးရန် အချိန်ကျရောက်ပြီဖြစ်သည်။ မြန်မာနိုင်ငံပြည်သူလူထုမှာ သေဆုံးနေကြသည်။ စကားဖြင့် ပြောဆိုနေရုံမျှနှင့် မလုံလောက်တော့ပါ" ဟု နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ) ၏ တွဲဘက်အတွင်းရေမှူး ကိုဘိုကြည်က ပြောသည်။

မြန်မာနိုင်ငံရေးအတွက် ကမ္ဘာ့ကုလသမဂ္ဂမှ စုံစမ်းရေးကော်မရှင်ဖွဲ့ရန်အတွက် မြန်မာနိုင်ငံပြည်တွင်းပြည်ပမှ တက်ကြွလှုပ်ရှားများအား လူသိရှင်ကြားအားပေးထောက်ခံပေးရန် တောင်းဆိုသော ဗြိတိန်၊ ပြင်သစ်၊ အမေရိကန်၊ ဩစတေးလျှနိုင်ငံများအပါအဝင် အခြားတောင်းဆိုသောနိုင်ငံအရေအတွက်မှာ တဖြည်းဖြည်း အရေအတွက်များလာပြီဖြစ်သလို ယခုတင်သွင်းလိုက်သော အစီရင်ခံစာအသစ်သည်လည်း ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအား အခြားထောက်ခံသောနိုင်ငံများနှင့်တစ်သားတည်းဖြစ်လာစေရန် ပိုမိုတွန်းအားဖြစ်စေလိမ့်မည်ဟု မျှော်လင့်ရသည်။

မြန်မာနိုင်ငံ စစ်အာဏာရှင်သည် ကမ္ဘာ့လူ့အခွင့်အရေးအချိုးဖောက်ဆုံးသောသူများတွင် တစ်ဦးအပါအဝင် ဖြစ်သည်မှာ ယုံမှားစရာမရှိပေ။ ညှင်းပမ်းနှိပ်စက်မှု၊ မတရားဖမ်းဆီး ချုပ်နှောင်မှုများ၊ လိုသည်ထက်ပို၍တရားစီရင်ပြီး သတ်ဖြတ်ခြင်းများ၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ၊ မတရားလုပ်အားပေး ခိုင်းစေမှုများ၊ ကလေးစစ်သား အသစ်စုဆောင်းမှုများသည် စစ်အာဏာရှင်တို့၏ ကိုယ်စားလှယ်များနှင့် ၎င်းတိုကျောထောက်နောက်ခံပေးသူများမှ ကျယ်ကျယ်ပြန့်ပြန့် နှင့် စနစ်တကျ ကျူးလွန်ခဲ့ကြခြင်းဖြစ်သည်။

"နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ) သည် မြန်မာနိုင်ငံအတွင်းရှိ လူ့အခွင့် အရေးချိုးဖောက်မှုများကို နှစ်အတော်အတန်ကြာအောင် မှတ်တမ်းများပြုစုခဲ့ပြီး နိုင်ငံရေး အကျဉ်းသားများအပေါ် ညှင်ပမ်း

နိပ်စက်မှုသည် ကျယ်ကျယ်ပြန့်ပြန့် နှင့် စနစ်တကျကျူးလွန်ခြင်းဖြစ်ကြောင်း ခိုင်မာသော သက်သေခံ အထောက်အထားများလည်းရှိသဖြင့် မည်သည့်အချိန်တွင်မဆို လိုအပ်လာပါက စုံစမ်းစစ်ဆေးမှုအတွက် ကူညီရန် အဆင်သင့်ဖြစ်ကြောင်း။ ၅၀ နှစ် နီးပါးကြာအောင် စစ်အာဏာရှင်စနစ်အုပ်စိုးခဲ့သည့်ကာလတွင် အပြစ်မှကင်းလွတ်ခြင်းနှင့် အကြောက်တရားမှာ ယဉ်ကျေးမှုတစ်ခုလိုဖြစ်လာခဲ့ရာ ပြီးခဲ့သောဆယ်စုနှစ်မှစတင်၍ လူ့အခွင့်အရေးချိုးဖောက်သူများကို တရားဥပဒေရှေ့မှောက်သို့ ပို့ဆောင်နိုင်ခဲ့သည်များကို အားရစရာအဖြစ် တွေ့မြင်ရသည်” ဟုကိုဘိုကြည်က ပြောကြားသည်။

ကမ္ဘာ့ကုလသမဂ္ဂ အထူးစုံစမ်းစစ်ဆေးရေးအရာရှိ၏ ပြောဆိုချက်များကို မြန်မာစစ်အစိုးရ (န အ ဖ)မှ “စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်ကိုဆန့်ကျင်သည့် ရာဇဝတ်မှုများကိုကျူးလွန်နေသည်ဟု စွတ်စွဲပြောဆို ခြင်းများနှင့်ပတ်သက်၍ ပြောလိုသည်မှာ မြန်မာနိုင်ငံတွင် အလားတူရာဇဝတ်မှု ကျူးလွန်မှုများလုံးဝမရှိ” ဟုပြန်လည်တုံ့ပြန်ပြောဆိုခဲ့သည်။

“စစ်အစိုးရမှ ထိုကဲ့သို့သော ရက်စက်၍ ကြောက်စရာကောင်းသော လူ့အခွင့်အရေး ချိုးဖေါက်မှုများနှင့်ပတ်သက်၍ ရင်ဆိုင်ရန် ဆက်လက်ငြင်းဆန်နေမည်ဆိုလျှင် မိမိတို့အနေဖြင့်  ထိုရာဇဝတ်မှုများကို လွတ်လပ်ပွင့်လင်းသော နေရာများဌာနများကိုအသုံးပြု၍ ဖော်ထုတ်လုပ်ဆောင်သွားမည်ဖြစ်သည်။ စုံစမ်းစစ်ဆေးရေးကော်မရှင် ဖွဲ့စည်းခြင်းသည် ရာဇဝတ်မှုကျူးလွန်ခြင်းအပြစ်မှ ကင်းလွတ်ခွင့်များကို အဆုံးသတ်ရာ ရောက်မှာဖြစ်သလို ရာဇဝတ်မှုကျူးလွန်သူများကိုလည်း တရားဥပဒေရှေ့မှောက်သို့ ပို့ဆောင်လာရာလည်းရောက်သည်” ဟု ကိုဘိုကြည်မှပြောသည်။

နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)

ဆက်သွယ်ရန် -

ကိုတိတ်နိုင် (အတွင်းရေးမှူး) +၆၆(၀) ၈၁ ၂၈၇ ၈၇၅၁

ကိုဘိုကြည်(တွဲဖက်အတွင်းရေးမှူး) +၆၆(၀) ၈၁ ၉၆၂ ၈၇၁၃